**သမတအိမ်တော်၊ ရန်ကုန်မြို့**

# ၁၉၅၉ ခုနှစ်၊ ကရင်ပြည်နယ် နောက်ထပ်ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲရေးအက်ဥပဒေ။

**[၁၉၅၉ ခုနှစ်၊ ကရင်ပြည်နယ်အက်ဥပဒေအမှတ် ၁။]**

**၁၃၂၀ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်။**

**(၁၉၅၉ ခုနှစ်၊ မတ်လ ၁၉ ရက်။)**

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ အောက်ဖေါ်ပြပါ အက်ဥပဒေကို ထုတ်ပြန်ကျေညာသည်။

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

**၁၉၅၉ ခုနှစ်၊ စက်တဘ်ာလ ၃၀ ရက်နေ့၌၊ ကုန်ဆုံးသည့် နှစ်အတွက်၊ နောက်ထပ်ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲခြင်း။**

၁။ ။ (၁) ကရင်ပြည်နယ်အစိုးရ၊ ဘဏ္ဍာရေးဝန်ကြီးသည်၊ ကရင်ပြည်နယ်၏အခွန်တော်ငွေများမှ၊ စုစု ပေါင်း ငွေ ၁၂,၇၈,၆၅၀ ကျပ် (ဤအက်ဥပဒေတွင် ဖေါ်ပြထားသည်)ကို ထုတ်၍၊ ၁၉၅၉ ခုနှစ်၊ စက်တဘ်ာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် နှစ်ဆိုင်ရာ အသုံးစရိတ်များနှင့်ကိစ္စများအတွက်၊ ခွဲဝေသုံးစွဲ နိုင်သည်။

(၂) ပုဒ်မခွဲ (၁) တွင် ခွင့်ပြုထားသည့် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲခြင်းသည်၊ ၁၉၅၈ ခုနှစ်၊ ကရင်ပြည်နယ် ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲရေးအက်ဥပဒေ (၁၉၅၈ ခုနှစ်၊ ကရင်ပြည်နယ် အက်ဥပဒေ အမှတ် ၂) အရခွင့် ပြုထားသည့် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲခြင်းများအပြင်၊ နောက်ထပ် သုံးစွဲခြင်း ဖြစ်သည်ဟူ၍ မှတ်ယူရ မည်။

**ဇယား**

| | အစိုးရဌာန။ | | | ခွဲဝေသုံးစွဲသည့်ငွေ။ |
|---|---|---|---|---|
| အရပ်ရပ်စီရင်အုပ်ချုပ်မှု | ... | ... | ... | ၁၄,၂၀၀ |
| ရဲအဖွဲ့... | ... | ... | ... | ၇,၂၂,၆၀၀ |
| မြို့ပြဆိုင်ရာလုပ်ငန်းများ | ... | ... | ... | ၃,၈၅၀ |
| မြို့ပြဆိုင်ရာလုပ်ငန်းများအတွက်မ,တည်ငွေရင်း | | ... | ... | ၄,၃၈,၀၀၀ |
| အစိုးရလုပ်ငန်းများနှင့်ဒေသန္တရအာဏာပိုင်များသို့ချေးငွေများ | | | ... | ၁,၀၀,၀၀၀ |
| | | ပေါင်း | ... | ၁၂,၇၈,၆၅၀ |

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဝင်းမောင်

နိုင်ငံတော်သမတ၊

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ။

ရန်ကုန်မြို့ ၁၃၂၀ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်။

(၁၉၅၉ ခုနှစ်၊ မတ်လ ၁၉ ရက်။)

အမိန့်အရ၊

ပါစိန်၊

နိုင်ငံတော်သမတ၏အတွင်းဝန်။

[အမှတ် ၃၆]